မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 17 , 2022 Volume 59, Number 10

၁၇.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၅၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၇၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၇၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၉၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၉၀၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် (၂/ ၂၀၂၂) ပုံမှန်အစည်းအဝေးသို့ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့၊ (၁၃:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် (၂/၂၀၂၂) ပုံမှန်အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌက ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဆောင်ရွက်ကြသော နိုင်ငံများတွင် ယှဉ်ပြိုင်မှု ဥပဒေသည် အဓိကအရေးပါသော ဥပဒေတစ်ရပ်ဖြစ်၍ ဥပဒေသည် ခေတ်နှင့်လျော်ညီစေရန် ဥပဒေ၏ အားသာချက်၊ အားနည်းချက်များကို အစဉ်တစိုက် လေ့လာသုံးသပ်ရေး၊ အခြားနိုင်ငံအဖွဲ့အစည်းများ၏ ပြောင်းလဲမှုများကိုလည်း မျက်ခြေမပြတ် လေ့လာထားရှိရေး၊ ကော်မရှင်တွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့်အတွက် မိမိတို့၏ကျွမ်းကျင်မှုများအား အကောင်းဆုံး အသုံးချဆောင်ရွက်သွားရေး၊ ယှဉ်ပြိုင်မှုဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သွားသင့်သည့် အစီအမံများ၊ နည်းလမ်းများချမှတ်ရေး၊ အာဆီယံဒေသတွင်း နိုင်ငံများအကြား အာဆီယံယှဉ်ပြိုင်မှု မူဘောင်သဘောတူစာချုပ် ရေးဆွဲရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများတွင် ထိရောက်စွာပါဝင်ဆောင်ရွက်ရေး၊ ယှဉ်ပြိုင်မှုဥပဒေ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးပြောကြားပါသည်။

ဆက်လက်၍ ယခင်(၁/၂၀၂၂) ပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၂၂ ခုနှစ်အတွင်း ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အာဆီယံဒေသတွင်းနိုင်ငံများရှိ ယှဉ်ပြိုင်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ယှဉ်ပြိုင်မှုဆိုင်ရာ တိုင်ကြားလာသည့် အမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်မှု အခြေအနေများနှင့် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ကော်မရှင်ရုံးတာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ်

ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့ပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/ministers-office/%E1%80%99%E1%80%BC%E1%80%94%E1%80% BA%E1%80%99%E1%80%AC%E1%

## တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့်ကုမ္ပဏီများ အွန်လိုင်းကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင်ရေး သင်တန်းပြုလုပ်ခဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်၍ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပမည့် တတိယအကြိမ် မြန်မာ(လားရှိုး)-တရုတ်(လင်ချန်း) နယ်စပ်စီးပွားရေးနှင့်ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာကုမ္ပဏီများအား အွန်လိုင်းပြခန်းများတွင် ကိုယ်တိုင်ဝင်ရောက်ပြသနိုင်ရေး လေ့ကျင့်ပေးသည့်အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့၊ နေ့လည် (၂) နာရီအချိန်တွင် Zoom Meeting ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ သင်တန်းသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးနှင့်တာဝန်ရှိသူများ၊ ကုန်စည်ပြပွဲအတွက် Online Services လုပ်ငန်းများ တာဝန်ယူဆောင်ရွက်မည့် Cyber King Co.,Ltd မှ တာဝန်ရှိသူများနှင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့်ကုမ္ပဏီ (၃၅) ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ အွန်လိုင်းကုန်စည်ပြပွဲတွင် ပါဝင်ပြသရန်မှတ်ပုံတင်ခြင်း၊ ပြသသူ Account ရယူခြင်း၊ ပြခန်းများတွင် ထုတ်ကုန်ဆိုင်ရာဓာတ်ပုံ၊ ဗွီဒီယို၊ ဈေးနှုန်းနှင့်ထုတ်ကုန်မိတ်ဆက်များ ထည့်သွင်းခြင်း၊ ဝယ်သူများ၏ ဈေးနှုန်းအဆိုပြုလွှာများ လက်ခံဖြေကြားခြင်းနှင့် Chat Box အသုံးပြုပုံများကို အသေးစိတ်ရှင်းလင်းပြသခဲ့ပြီး ကုမ္ပဏီများမှ သိရှိလိုသည့်မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

## ၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာအထူးစီးပွားရေးဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၁၈၈ သန်းကျော် ဝင်ရောက်

၂၀၂၂ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာအထူးစီးပွားရေးဥပဒေအရ သီလဝါအထူးစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂၁၈၈ သန်းကျော် ဝင်ရောက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာမှ မတ်လအထိ Mini Budget ခြောက်လအတွင်း လအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုအနေဖြင့် ၂၀၂၁ ခုနှစ်အောက်တိုဘာတွင် ဒေါ်လာ ဝ ဒသမ ၅၅ သန်း၊ နိုဝင်ဘာတွင် ဒေါ်လာ၂ ဒသမ ၅ဝ သန်း၊ ဒီဇင်ဘာတွင်ဒေါ်လာ ၁၈ ဒသမ ၂ဝ သန်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ဒေါ်လာ၂၃ ဒသမ ၉ဝ သန်း၊ ဖေဖော်ဝါရီတွင်ဒေါ်လာ သုည ဒသမ ၁၈ သန်း၊ မတ်တွင်ဒေါ်လာ ၁ဝ ဒသမ ၅ဝ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၅၅ ဒသမ ၈၃ သန်း ဝင်ရောက်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရသိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှ ဩဂုတ်လကုန်အထိ ငါးလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူနိုင်ငံက ဒေါ်လာ ၁၀၈၉ ဒသမ ၄၇၁ သန်း၊ Belize က ဒေါ်လာ၁ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၅၆ ဒသမ ၇၁၃ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂ ဒသမ ၅ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၇ဝ ဒသမ ၂၃၉ သန်း၊ အိန္ဒိယက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၁ ဒသမ ၅၄၅ သန်း၊ ဂျပန်နိုင်ငံက ၃ ဒသမ ၁ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၂ ဒသမ ၈ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာသုံးသန်း ဝင်ရောက်မြှုပ်နှံထားခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် Mini Buget ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ

၁၄၂ ဒသမ ၁၃၇ သန်း၊ တိုင်ပေကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၈ ဒသမ ၆၄၁ သန်း၊ ပြင်သစ်က ဒေါ်လာ သုည ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယနိုင်ငံက ဒေါ်လာ ၀ ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံကဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၄ ဒသမ ၅၃၀ သန်း၊ မလေးရှားကရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၁၂ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၆၂ ဒသမ ၆၉၃ သန်း၊ Samoa ကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာနှစ်သန်း၊ Seychelles ကဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာခုနစ်သန်း၊ နယ်သာလန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာလေးသန်း၊ U.K က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ သုည ဒသမ ၃၃၅ သန်း၊ နီပေါက ဒေါ်လာ ၁ ဒသမ ၅ သန်း ဝင်ရောက်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်းအသစ် ၂၄၅ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၄ ဒသမ ၂၃၅ ဘီလျံဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပြီး ဆောင်ရွက်ဆဲ လုပ်ငန်းဖြစ်သော လုပ်ငန်းအရေအတွက် ၁၁၀ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသမ ၂၉၁ ဘီလျံ ထပ်မံတိုးမြှင့် ခွင့်ပြုပေးခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၅၂၆ ဘီလျံ ခွင့်ပြုပေးခဲ့သည်။

အခြားတစ်ဖက်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၆၃ ဒသမ ၂၇၇ သန်းခွင့်ပြုပေးခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပမာဏမှာ ဒေါ်လာ ၅ ဒသမ ၆၈၉ ဘီလျံခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအကျဉ်းချုပ်တွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/238899

## မတ်ပဲဈေးဆက်ကျနေ

ယခင်သီတင်းပတ်ကအတိုင်း မတ်ပဲဈေးများ အကျဘက်မှာပဲ ဆက်ရှိနေတယ်လို့သိရပါတယ်။ ယခင် သီတင်းပတ် အတွင်းမှာ မတ်ပဲဈေးတစ်တင်းလျှင် ကျပ် ၆၀၀၀၀ တန်းမှာရှိခဲ့ပေမယ့် ယခုသီတင်းပတ်မှာတော့ အချို့ရက်တွေမှာ ကျပ် ၆၀၀၀၀ အောက်ကိုကျဆင်းခဲ့ပြီး သီတင်းပတ် နောက်ဆုံးရက်တွေမှာ ကျပ် ၆၀၀၀၀ အထက် ပြန်လည်ရောက်ရှိလာပါတယ်။

ယခုသီတင်းပတ်အတွင်းဖြစ်ပေါ်ခဲ့တဲ့ မတ်ပဲဈေးနှုန်းများကတော့ အောက်တိုဘာလ ၇ ရက်နေ့မှာ တစ်တင်းလျှင် ကျပ် ၅၈၇၀၀၊ ၈ ရက်နေ့မှာ ကျပ် ၅၉၈၀၀၊ ၁၀ ရက်နေ့မှာ ကျပ် ၆၀၂၀၀၊ ၁၁ ရက်နေ့မှာ ကျပ် ၅၉၅၀၀၊ ၁၂ ရက်နေ့မှာ ကျပ် ၅၉၈၀၀၊ ၁၃ ရက်နေ့မှာ ကျပ် ၆၁၀၀၀ အသီးသီးဖြစ်ခဲ့ပါတယ်၊

ယခုသီတင်းပတ် နောက်ဆုံးရက်တွေမှာ ရွှေဈေးနဲ့ဒေါ်လာဈေး အနည်းငယ်ပြန်တက်လာခဲ့ပြီး မတ်ပဲဈေးနှုန်းလည်း အနည်းငယ်ပြန်တက်လာတာတွေ့ရပါတယ်။ အိန္ဒိယနိုင်ငံ မတ်ပဲဈေးကွက်မှာတော့ မတ်ပဲအသစ်တွေ အဆက်မပြတ် ဝင်နေပြီး ပြည်တွင်းပေါက်ဈေး တစ်ကွမ်တယ်ကို Rs 50-100 ဈေးတက်လာပါတယ်။

မြန်မာမတ်ပဲ SQ/FAQ က CIF ဈေး 10$ ဈေးတက်လာပြီး ယခင် FOB ဈေး $780 နဲ့ မတ်ပဲ FAQ ကွန်တိန်နာ ၄၀၀ တင်သွင်းထားပြီးဖြစ်ကြောင်း၊ ပဲစင်းငုံလီမွန်ကလည်း အလားတူ $10 ဈေးမြင့်လာကြောင်း၊ အိန္ဒိယဝယ်လက်တွေက မြန်မာ မတ်ပဲ၊ ပဲစင်းငုံကို ဆက်လက်ဝယ်ယူသွားဖို့ စိတ်ဝင်တစားရှိနေကြောင်း AGRI WORLD MUMBAI ကထုတ်ပြန်ထားပါတယ်။

အိန္ဒိယနိုင်ငံဟာ မကြာသေးမီကပဲ မိုဇမ်ဘစ်နိုင်ငံကနေ ပဲစင်းငုံတန်ချိန် ၂၀၀၀၀ ကျော် ဝယ်ယူတင်သွင်းထားပြီး မြန်မာပဲစင်းငုံ ဝယ်ယူတင်သွင်းမှုအတွက် ယှဉ်ပြိုင်မှုဖြစ်လာနိုင်ပါတယ်။

အိန္ဒိယ ပြည်တွင်းဈေးကွက်ကိုဝင်နေတဲ့ ပြည်တွင်းမတ်ပဲတွေက အရည်အသွေးညံ့ပြီး ရေငွေ့ပါဝင်မှုပိုများတဲ့အတွက် ပဲခွဲစက်အများစုကတော့ အရည်အသွေးကောင်းတဲ့ မြန်မာမတ်ပဲကိုပဲဝယ်ယူဖို့ ပိုမိုစိတ်ဝင်တစားရှိနေကြောင်း၊ လက်ရှိ မြန်မာမတ်ပဲဈေးနှုန်းကတော့ ပြည်တွင်းငွေကြေးဈေးနှုန်းပေါ်မှာ ဆက်လက်မူတည်နေကြောင်း သိရပါတယ်။

**Source:** ရောကုန်သွယ်မှုဗဟိုဌာန

## ၁၁.၁၀.၂၀၂၂ မှ ၁၄.၁၀.၂၀၂၂ ရက်နေ့ထိဈေးကွက်သုံးသပ်ချက်

**ဆန်၊ စပါး**

ဆန်ဈေးတွေကတော့ ဆက်တိုက်ဈေးကျဆင်းနေပါတယ်။ မိုးစပါးတွေ ဈေးကွက်ထဲအများအပြား ဝင်ရောက်နေတာဖြစ်ပြီး အရောင်းအဝယ်ကလည်း အေးနေပါတယ်။ ဆန်စပါးထွက်ရှိမှုနှုန်းက ပြီးခဲ့တဲ့နှစ်တွေနဲ့ နှိုင်းယှဉ်ရင် လျော့နည်းနိုင်ပြီး လက်ရှိသွင်းအားစုဈေးများ အဆမတန်မြင့်တက်နေမှုကြောင့် စပါးဈေး၊ ဆန်ဈေးတွေက ယခုထက်ပိုကျဆင်းပါက အရှုံးပေါ်မည်ကို တောင်သူတွေ စိုးရိမ်မှုများရှိနေသည်။

ရန်ကုန်ဈေးကွက်မှာ ရွှေဘိုပေါ်ဆန်းက တစ်အိတ်ကို ၇၈၀၀၀ ကျပ်ကနေ ၉၀၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ပေါ်ဆန်းနယ်စုံကတော့ တစ်အိတ်ကို ၅၇၀၀၀ ကျပ်ကနေ ၅၉၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ဆန်ကြမ်းဖြစ်တဲ့ မီးဒုံးဆန်ကတော့ တစ်အိတ်ကို ၄၇၀၀၀ ကျပ်ကနေ ၄၈၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၄၀၀၀ ကျပ်၊ ဧည့်မထဆန်ကတော့ တစ်အိတ်ကို ၄၂၅၀၀ ကျပ်ကနေ ၄၃၅၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ဆန်သီးထပ်ကတော့ တစ်အိတ်ကို ၄၂၅၀၀ ကျပ်ကနေ ၄၄၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀ ကျပ် အသီးသီး ဈေးကျဆင်းပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ တစ်ပတ်တာ ငွေကြေးလဲလှယ်ဈေးနှုန်း အတက်အကျပေါ်မူတည်ပြီး ဈေးအပြောင်းအလဲ အတက်အကျတွေရှိနေပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ပဲပေါ်ချိန် မိုးအဆမတန်ရွာတဲ့အတွက် အထွက်နှုန်းလျော့နည်းနိုင်မယ်လို့ သုံးသပ်မှုများရှိနေပြီး မတ်ပဲက ဈေးအနည်းငယ်ထပ်ပြီး တက်နိုင်ဦးမယ်လို့ ကုန်သည်အများစုကတော့ ခန့်မှန်းထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်း ၄ သောင်းပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ နှိုင်းယှဉ်ရင် တစ်တန်ကို ၅ သောင်းကျော် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၇၇၀၀၀ ကျပ်ကနေ ၁၇၈၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၈၀၀၀ ကနေ ၅၉၀၀၀ ကြားပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ တစ်ပတ်လုံးနီးပါး ဈေးအပြောင်းအလဲမရှိပဲ ဈေးငြိမ်နေပါတယ်။ အရောင်းအဝယ်ကလည်း ပဲလက်ကျန်မရှိသလောက်ဖြစ်နေတဲ့အတွက် ငြိမ်နေပြီး ငွေကြေးလဲလှယ်နှုန်းဈေး တည်ငြိမ်မှုမရှိတဲ့အတွက် စောင့်ကြည့်နေတဲ့ အနေအထားရှိနေတယ်လို့ ကုန်သည်အချို့ကတော့ သုံးသပ်သည်။ အိန္ဒိယနိုင်ငံမှာလည်း ပဲစင်းငုံနီအထွက်နှုန်းလျော့နည်းနိုင်တဲ့အတွက် ပဲစင်းငုံနီကတော့ ဈေးတက်နိုင်ခြေရှိတယ်လို့ ခန့်မှန်းထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၉၇၅၀၀၀ ကျပ်နဲ့ ရက်အတန်ကြာ ဈေးငြိမ်နေပါတယ်။ မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၈၅၀၀၀ ကျပ်ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်ဈေး ကျဆင်းပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့်မုံရွာတို့မှာတော့ တစ်တင်းကို ၆၀၀၀၀ ကျပ်မှ ၆၂၀၀၀ ကျပ်လောက် ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၀၀၀ လောက် ဈေးတက်ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ အကျဈေးနဲ့ဈေးငြိမ်နေပါတယ်။ ငွေကြေးလဲလှယ်နှုန်း ဈေးကျဆင်းသွားတဲ့အတွက် ပဲဈေးတွေကျဆင်းပေမယ့် လက်ရှိငွေကြေးပေါက်ဈေး ပြန်တက်လာသော်လည်း ပဲဈေးကတော့ မတက်လာပဲ အကျဈေးနဲ့ပဲ ဆက်ငြိမ်နေပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ)ကတော့ တစ်ပိဿာကို ၃၁၆၅ ကျပ်ကနေ ၃၅၀၀ ကျပ်၊ ပဲတီစိမ်း(ပဲခူးရွှေဝါ) ကတော့ တစ်ပိဿာကို ၃၀၀၀ ကျပ်ကနေ ၃၀၈၅ ကျပ်၊ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာကို ၂၅၅၀ ကျပ်ကနေ ၂၅၈၅ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင် တစ်အိတ်ကို ၁၂၇၀၀၀ ကျပ်ကနေ ၁၄၇၀၀၀ ကျပ်ကြား ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်လောက်ဈေးတက်လာပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့မှာတော့ တစ်တင်းကို ၄၅၀၀၀ ကျပ်ကနေ ၄၈၀၀၀ ကျပ်ရှိပါတယ်။

**ပဲပုတ်**

ပဲပုတ်ဈေးက ရန်ကုန်ဈေးကွက်မှာတော့ ဈေးငြိမ်နေပါတယ်။ နယ်ဈေးကွက်မှာတော့ ပြည်ပအဝယ်လိုက်ပေမယ့် ငွေကြေးဈေးကျဆင်းနေခြင်း၊ ဈေးကွက်အတွင်း အသစ်တွေလည်း ဝင်လာတဲ့ပစ္စည်းများလာခြင်းတို့ကြောင့် ဈေးက ပြန်ကျဆင်းနေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲပုတ်(အထွက်တိုး) တစ်ပိဿာကို ၂၈၃၀ ကျပ်ကနေ ၂၉၂၀ ကျပ်ပေါက်ဈေးရှိပြီး ပဲပုတ်(ဆီတိုး)ကတော့ တစ်ပိဿာကို ၃၀၀၀ ကျပ်ကနေ ၃၀၈၅ ကျပ်ပေါက်ဈေးရှိနေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲပုတ်(ရှမ်း)က တစ်အိတ်ကို ၁၄၅၀၀၀ ကျပ်ကနေ ၁၅၈၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၃၀၀၀ ကျပ် ၊ ပဲပုတ်(ဗမာ)ကတော့ တစ်အိတ်ကို ၂၃၀၀၀၀ ကျပ်ကနေ ၂၃၅၀၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ပွဲတော်ကာလ ပိတ်ရက်ရှည်တွေကြောင့် ဈေးကွက်ထဲ ပစ္စည်းအဝင်နည်းပါးပြီး ဈေးကအနည်းငယ်တက်လာပါတယ်။ ရန်ကုန်ဈေးကွက်ထဲကို နေ့စဉ်ကားအဝင် ၁၀ စီးကျော်ရှိနေပြီး ပိဿာချိန် ၈ သောင်းလောက်သာ အဝင်ရှိနေပါတယ်။

လက်ရှိမှာ ကြက်သွန်အသစ်တွေ ဈေးကွက်ထဲ ဝင်နေတဲ့အပြင် တရုတ်ကြက်သွန်အဝင်တွေ ရှိနေတဲ့အတွက်ကြောင့် ကြက်သွန်ဈေးကတော့ ထပ်ပြီးကျဆင်းနိုင်ခြေရှိတယ်လို့ ကုန်သည်တွေက သုံးသပ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကြက်သွန်နီ(နယ်စုံ)က တစ်ပိဿာကို ၂၆၀၀ ကျပ်ကနေ ၃၃၀၀ ကျပ်ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၃၀၀ ကျပ်လောက် ဈေးတက်လာပါတယ်။

မော်လမြိုင်ဈေးကွက်မှာတော့ အဝင်နည်းတဲ့အတွက် တစ်ပိဿာကို ၂၇၀၀ ကျပ်ကနေ ၃၅၀၀ ကျပ်ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ်လောက်ဈေးတက်လာပါတယ်။

**AMIA**

https://t.me/htwettoe

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးပဲများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေ

၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မျိုးပဲများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းကာ သွက်လက်မြန်ဆန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

ယခုဆောင်းသီးနှံ စိုက်ပျိုးရာသီသည် သီတင်းကျွတ်လဆန်းမှစတင်၍ တန်ဆောင်မုန်းလပြည့်အတွင်းဖြစ်ကာ တောင်သူများ စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးရာသီတွင် အဓိကပြည်ပပို့ကုန်ဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနှင့် မြေထောက်ပဲမျိုးများ မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်များ သွက်လက်နေကြောင်း၊ ဈေးနှုန်းများအနေဖြင့် ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀၊ ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀၊ မြေထောက်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးများဖြစ်ပေါ်နေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

"တောင်သူတွေရဲ့ ၂၀၂၂ ခုနှစ် စိုက်ပျိုးရာသီမှာ သီးနှံတွေက ဈေးကောင်းတွေရရှိတဲ့ နှစ်တစ်နှစ်ဖြစ်ခဲ့လို့ ၂၀၂၃ ခုနှစ်မှာလည်း ဈေးကောင်းရရှိမယ်လို့ မျှော်မှန်းချက်နဲ့ မျိုးပဲတွေကို အားတက်သရော ဝယ်ယူပြီးတော့ စိုက်ပျိုးနေတဲ့ရာသီဖြစ်တယ်။ ခုရာသီမှာ မျိုးပဲတွေကို အထက်အညာဒေသတွေမှာ တောင်သူတွေဝယ်ယူပြီးတော့ ဆောင်းသီးနှံအတွက် မြိုင်မြိုင်ဆိုင်ဆိုင်စိုက်ပျိုးနေတာ တွေ့ရပါတယ်။ ဈေးနှုန်းတွေက ဒီရက်ပိုင်းမှာ လှောင်သူတွေအတွက် ဈေးတက်မလာပဲ

ကျလာတာကိုတွေ့ရပါတယ်။ မျိုးဝယ်တဲ့ တောင်သူတွေအတွက် အခက်အခဲမရှိပဲနဲ့ အလွယ်တကူ ဝယ်ယူရနိုင်တာကိုလည်း တွေ့ရပါတယ်။ သိုလှောင်သူတွေ မျှော်မှန်းသလောက်မရပဲ ဈေးများကျဆင်းလာတာကိုလည်း တွေ့ရပါတယ်" ဟု ၎င်းကပြော သည်။

အဆိုပါ ဆောင်းသီးနှံများကို ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အထက်အညာဒေသ တိုင်းဒေသကြီး များတွင် အဓိကထား၍ ဆောင်းသီးနှံကို စိုက်ပျိုးကြကြောင်း၊ ထို့ပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသများတွင် လည်း စိုက်ပျိုးကြကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## သီတင်းကျွတ်ပိတ်ရက်များအလွန် ပဲအမျိုးအစားအလိုက်တစ်အိတ်ကျပ် ၅၀၀၀-၁၀၀၀၀ ခန့် ဈေးကျဆင်းနေသော်လည်း မျိုးဈေးကွက်ကောင်းနေ

သီတင်းကျွတ်ပိတ်ရက်များ အလွန် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေရာ ပဲအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ ခန့်ဈေးကျဆင်းနေသော်လည်း မျိုးဈေးကွက်ကောင်းနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရ သည်။

သီတင်းကျွတ်ပိတ်ရက်တွေအလွန် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ပို့ကုန်ပဲများအပါအဝင် ပဲအမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀-၁၀၀၀၀ ခန့်ဈေးကျဆင်း၍ အဝယ်အေးနေကြောင်း၊ ပို့ကုန်ပဲများမှာ ဒေါ်လာဈေး တည်ငြိမ်နေတာကြောင့် အဝယ်အေးသွားခြင်းဖြစ်ကြောင်း ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးသွားတာကြောင့် V2 တစ်အိတ်လျှင် ငွေကျပ် ၁၈၈၀၀၀ ခန့်သာ ပေါက်ဈေးရှိတော့ကြောင်း မန္တလေး ပဲ၊ နှမ်းဈေးကွက်မှာ တန်ဆောင်မုန်းလကုန် အထိ ခပ်အေးအေးသာ အရောင်းအဝယ်ရှိတော့မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)ကပြောသည်။

"သီတင်းကျွတ်ပိတ်ရက်တွေ အလွန်မှာ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေပါတယ်။ ပို့ကုန်ပဲတွေဆိုရင် မတ်ပဲက တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀၊ ပဲစင်းငုံက ငွေကျပ် ၁၈၀၀၀၀ ဝန်းကျင်ပဲ ပေါက်ဈေးရှိတော့တယ်။ ဒေါ်လာငွေဈေး ကလည်း မှန်းလို့မရဘူး။ တက်တာလိုလို၊ ကျတာလိုလိုနဲ့ အဝယ်သမားကောင်းကောင်း မရှိချင်ဘူး။ မန္တလေးဈေးကွက်က သီတင်းကျွတ်ပြီးရင် တန်ဆောင်မုန်းကဆက်သွားတော့ ပဲ၊ နှမ်းဈေးကွက်က အရောင်းအဝယ်အေးတာက နှစ်တိုင်းပါ။ ဒီအချိန်က အညာကျွန်းစိုက်ခင်းတွေ စိုက်ပျိုးချိန်မို့ မျိုးဈေးကွက်လောက် ဈေးကောင်းနေပါတယ်။ နှမ်းဈေးကွက်လည်း ငြိမ်နေပြီး ထိပ်စ ကုလားပဲဗွီးတူးက ငွေကျပ် ၁၈၇၀၀၀ လောက်အထိ ဈေးပြန်ကျနေပါတယ်။ မြေပဲဆန်ဈေး ကတော့ ပုံမှန်ပါပဲ။ ဒီထက်လည်း ဈေးမကျတော့ဘူး။ ပစ္စည်းအဝင်ကတော့ များနေပါတယ်။ ဆီကြိတ်ပဲဆန်ဆိုရင် တစ်ပိဿာ ငွေကျပ် ၅၀၀၀-၅၁၀၀ ဈေးနဲ့ကောင်းကောင်းရပါတယ်။ ကျန်တဲ့မြေပဲဆန်တွေကတော့ ငွေကျပ် ၄၇၀၀-၄၈၀၀ ပေါက်ဈေးပဲရှိပါတယ်။ S1 လုံးဆန်ဆိုရင် မျိုးဈေးကတော့ တစ်ပိဿာငွေကျပ် ၆၀၀၀ ပေါက် ဈေးရှိတယ်။ ကျွန်းစိုက်ခင်း တွေမှာ ဆောင်းမြေပဲစိုက်ပျိုးဖို့ မျိုးကြိုဝယ်နေကြတယ်။ ပဲမာလိုင်းတွေကတော့ ပုံမှန်သာရှိပြီး ဈေးကိုမပြောင်းတော့ဘူး။ သီတင်းကျွတ်ပိတ်ရက်တွေအလွန်ကတော့ ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်က ခဏတာပဲ ဈေးအေးသွားတာပါ၊ နောက်ပိုင်းရက်တွေမှာ အရောင်းအဝယ်ပြန်သွက်လာမှာပါ"ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

သီတင်းကျွတ်ပိတ်ရက်များ အလွန် ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေသလို ပြည်တွင်းဒေါ်လာဈေးမှာ အတက်မရှိ ငြိမ်နေတာကြောင့် ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံပေါက်ဈေးမှာ ခပ်အေးအေးရှိနေရာ အောက်တိုဘာ ၁၃ ရက်တွင် မတ်ပဲတစ်အိတ် လျှင် ငွေကျပ် ၁၈၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ သာ ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်းအညာမှာ ထိပ်စ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ပြန်အေးနေသည်။

**မြေပဲ**

အသစ်ဝင် မြေပဲဆန်များ ဈေးကွက်တွင်း လှိုင်လှိုင်ဝင်ရောက်လာသလို ဝင်သလောက်အဝယ်ရှိနေသော်လည်း စားဆီဈေး ကျဆင်းမှုနှင့်အတူ ဈေးကျဆင်းနေရာ ပို့ကုန်မြေပဲ ၆၁ လုံးဆန်များမှာ တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ၊ အနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ အထိ တစ်ပိဿာ ငွေကျပ် ၁၀၀ ခန့် ဆက်လက်ကျဆင်းသွားသည်။ မျိုးမြေပဲဆန်ဈေးမှာ တစ်ပိဿာ ငွေကျပ် ၆၀၀၀ ခန့်ပေါက်ဈေးရှိနေသည်။ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ အထိ ကျဆင်းသွားကြောင်း သိရသည်။

ပြည်တွင်း ဒေါ်လာဈေးတည်ငြိမ်မှုနှင့်အတူ သီတင်းကျွတ်ကာလ ပိတ်ရက်များကြောင့် ပဲ၊ နှမ်းဈေးတစ်ခုလုံး ဈေးအေး နေပြီး ပဲမျိုးစေ့ဈေးကွက် ဈေးကောင်းနေရာ အောက်တိုဘာ ၁၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀၊ ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ပဲထောပတ် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**Source: မကွေးဂျာနယ်**

## မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကော်ဖီအဖြစ်ရပ်တည်နိုင်ရေး ဆောင်ရွက်ရန်လို

မြန်မာ့ကော်ဖီကို ကမ္ဘာ့အရပ်ရပ်မှ ကုန်ကြမ်းအဖြစ်ဝယ်ယူပြီး ကုန်ချောထုတ်လုပ်ရောင်းချကြရာ အလားတူ ပြည်တွင်း၌ ကုန်ချောထုတ်လုပ်၍ ကမ္ဘာ့ဈေးကွက်တွင် မြန်မာ Identity ဖြစ်လာစေရေးအတွက် မြန်မာနိုင်ငံ ကော်ဖီအသင်း မှ ဦးရဲမြင့်ကပြောသည်။

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဘာဝပေးအခြေအနေများကြောင့် ကမ္ဘာ့တန်းဝင် အဆင့်မြင့်ကော်ဖီကုန်ကြမ်း စိုက်ပျိုး ထုတ်လုပ်နိုင်သဖြင့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကော်ဖီဖြစ်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဟုဆိုသည်။ "ပြည်ပပို့ကုန်အစားထိုး တင်ပို့မှုမှာ ကော်ဖီဈေးကွက်ကြီးမားပြီး မြန်မာ့ကော်ဖီက ဈေးကွက်ဝယ်လိုအားရှိနေ တယ်။ ပြည်ပက သွင်းတဲ့ ကော်ဖီဈေးတက်လာတော့ ပြည်တွင်းကော်ဖီ ထုတ်လုပ်ရောင်းချသူတွေက ပြည်တွင်းကော်ဖီကို သုံးစွဲလာကြတယ်။ ပို့ကုန်အစားထိုး ပြည်ပတင်ပို့မှုမှာ ကော်ဖီလုပ်ငန်းက အောင်မြင်မှုရလာလို့ အရည်အသွေးမြှင့်ထုတ်လုပ်ဖို့လိုတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်တွင် မြန်မာနိုင်ငံထုတ်ကုန်အဖြစ် ရပ်တည်နိုင်ရေးမှာ ဖော်ဆောင်ရန် အဓိကလိုအပ် နေပြီး မြန်မာနိုင်ငံကော်ဖီအသင်းမှ နည်းပညာနှင့်ဈေးကွက်ရှာဖွေရေးတို့တွင် ကူညီဆောင်ရွက်ပေးနေသကဲ့သို့ စိုက်ပျိုး ထုတ်လုပ်သူများ ညီညွတ်မှုရှိရေးနှင့် ဌာနဆိုင်ရာက ကူညီထောက်ပံ့ရေးတို့ လိုအပ်ကြောင်းသိရသည်။ "တခြားနိုင်ငံတွေက မြန်မာ့ကော်ဖီကုန်ကြမ်းကို ကုန်ချောထုတ်ပြီး ကမ္ဘာကိုဖြန့်နေကြတာ။ ကျနော်တို့မှာက ကုန်ကြမ်းရောင်းစားတဲ့ အဆင့်ဖြစ်နေ တယ်။ ကုန်ချောထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ဖို့နဲ့ ကမ္ဘာ့ဈေးကွက်မှာ ကိုယ့်မြန်မာရဲ့ကော်ဖီကို မြန်မာအမည်မပျောက်ဘဲ ကော်ဖီဈေးကွက်ဝေစုရဖို့ပါ"ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန် ၁၀၀၀၀ ဝန်းကျင်ထွက်ရှိပြီး ပြည်ပတင်ပို့မှုတွင် ၇၅ ရာနှုန်းခန့် ရှိကြောင်း၊ ယခုနှစ်တွင် ကမ္ဘာ့ကော်ဖီဈေးကွက် မြင့်မားလာသဖြင့် ပြည်တွင်းကော်ဖီများ ဈေးကောင်းရရှိနိုင်မည်ဟု ၎င်းက ဆက်လက်သုံးသပ်ခဲ့သည်။

**Source: မကွေးဂျာနယ်**

## သွင်းကုန်လိုင်စင်မရမီ ဆိပ်ကမ်းကြိုရောက်နေသည့်ကုန်ပစ္စည်းများ Refund ပြန်ပေးခြင်းနှင့် ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်းများ လုပ်ဆောင်မည်

သွင်းကုန်လိုင်စင်မရမီ ဆိပ်ကမ်းသို့ ကြိုရောက်နေသည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ VPA (Valid for Prior Arrival) ဒဏ်ကြေးဖြစ်ပေါ်ခဲ့သည့် အမှုတွဲများကို Refund ပြန်ပေးခြင်းနှင့် ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်းများ လုပ်ဆောင်သွားရန်

စီစဉ်ထားကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ အဆိုပါ Refund ပြန်ပေးခြင်းနှင့် ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်းတို့ကို ၂၀၂၂ ခုနှစ် မေ ၃ ရက်မှ ဇူလိုင် ၃၁ ရက်အတွင်း သတ်မှတ်ချက်နှင့် အကျုံးဝင်သောအမှုတွဲများကို စီစဉ်ပေးခြင်းဖြစ်သည်။

မေ ၃ ရက်မှ ဇူလိုင် ၃၁ ရက် ကာလအတွင်း VPA (Valid for Prior Arrival) ဒဏ်ကြေးပေးသွင်းပြီးသည့် အမှုတွဲ ၃၇၆၁ မှု ရှိပြီး ယင်းတို့ကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေနှင့်အညီ Refund ပြန်ပေးခြင်းဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ယင်းအမှုတွဲများနှင့်ပတ်သက်ပြီး ကုမ္ပဏီဒါရိုက်တာအဖွဲ့က VPA ဒဏ်ကြေးများ ပြန်လည်ထုတ်ယူခွင့်အဖြစ် သတ်မှတ်စာရွက်စာတမ်း အထောက်အထားများနှင့်အတူ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒဏ်ကြေးငွေပေးသွင်းရန် ဆောင်ရွက်ဆဲ အမှုတွဲ ၇၁ မှုကိုလည်း ဒဏ်ကြေးကင်းလွတ်ခွင့်ပြုခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## ဆားတောင်သူများအနေဖြင့် ရာသီဥတုအခြေအနေ၊ စက်သုံးဆီဈေးနှုန်းနှင့် အလုပ်သမားစရိတ် ကြီးမြင့်မှုဖြင့် ရင်ဆိုင်နေရ



https://news-eleven.com/article/238924

ယခုနှစ် ဆားရာသီကာလအစတွင် ဆားတောင်သူများအနေဖြင့် ရာသီဥတု အခြေအနေ၊ စက်သုံးဆီဈေးနှုန်းနှင့် အလုပ်သမားစရိတ်ကြီးမြင့်မှုဖြင့် ရင်ဆိုင်နေရကြောင်း ၎င်းတို့၏ ပြောကြားချက်များအရ သိရသည်။“ဒီနှစ်ဆားရာသီအစမှာက အခက်အခဲတွေကတော့ အများကြီးပဲ။ ရာသီဥတု၊ စက်သုံးဆီဈေးနှုန်း၊ နောက်အလုပ်သမားတွေကို တိုးမြှင့်ပေးရမယ့် လုပ်အားခ၊ ဒါကတော့ လက်ရှိကုန်ဈေးနှုန်းတွေက မြင့်တက်နေတော့ အလုပ်သမားတွေကိုလည်း လုပ်အားခကို မဖြစ်မနေတိုးပေးရမယ့် အခြေအနေမျိုးဖြစ်သွားတာပါ” ဟု သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာမှ ဆားတောင်သူတစ်ဦးကပြောကြားသည်။ ၎င်းက ဆက်လက်ပြီး “ရာသီဥတုအနေနဲ့က လာနီညာက မကုန်သေးတော့ မနှစ်ကလိုပဲ ဆားလှိုင်လှိုင်ထွက်ရမယ့်အချိန်မှာ မိုးကဖျက်သွားရင် ဆားအထွက်က နည်းနေဦးမှာပါ။ ပုံမှန်ဆားရာသီတစ်ခုမှာ ဆားပိဿာချိန် (၁၂) သိန်းလောက်ထွက်ခဲ့ပေမယ့် မနှစ်ကဆိုရင် ပိဿာ (၅) သိန်းလောက်ပဲ ရခဲ့တယ်။ ဆားအထွက်နည်းသွားတယ်ပေါ့”ဟုပြောကြားသည်။

ထို့အပြင် ဆားကွင်းထဲသို့ ရေသွင်းပါက ရေစုပ်စက်ဖြင့်သာ သွင်းရသည့်အတွက်ကြောင့် ယင်းအတွက် ဆားရာသီတစ်နှစ်ကို အနည်းဆုံး ဒီဇယ်ဆီပေပါ (၂၀) ခန့် သုံးရကြောင်းနှင့် လက်ရှိ စက်သုံးဆီဈေးနှုန်းအရ ကုန်ကျစရိတ်က ပိုသွားကြောင်း ၎င်းဆားတောင်သူကဆိုသည်။ ၎င်းပြင် နေ့စားအလုပ်သမားခကလည်း ယမန်နှစ်ကထက်ကို တစ်ထောင်ကျပ်ထပ်တိုးပေးရကြောင်း၊ ဥပမာ ယမန်နှစ်က နေ့စားအလုပ်သမားတစ်ယောက်လျှင် (၅၀၀၀) ကျပ်နှုန်းဖြင့် ရှင်းပေးရပါက ယခုနှစ်တွင် (၆၀၀၀) ကျပ်နှုန်းဖြင့် ရှင်းပေးရကြောင်း၊ ယခင်က ကန်သင်းရိုးလုပ်ခအနေဖြင့် တစ်လံကို (၁၅၀) ကျပ်နှုန်း ပေးရသော်လည်း လက်ရှိအချိန်မှာတွင် တစ်လံလျှင် (၂၀၀) ကျပ်ပေးရကြောင်း ဆားတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

လက်ရှိ ဆားရာသီအစတွင် ဆားကြမ်းဈေးနှုန်း တစ်ပိဿာလျှင် (၂၇၀) ကျပ်ဝန်းကျင် ပေါက်ဈေးရှိနေသည့်အတွက် ယမန်နှစ်ကထက် ဈေးကောင်းရနေသည်ဟု ဆိုရမည်ဖြစ်သော်လည်း ဆားရာသီအစဖြစ်၍ ဆားထွက်နည်းသေးသည့် အချိန်ဖြစ်နေသည့်အတွက် ဈေးကောင်းရနေခြင်းဖြစ်ကြောင်းနှင့် ဆားလှိုင်လှိုင်ထွက်လာပါက ဆားကြမ်းဈေးနှုန်း ပြန်လည်ကျဆင်းလာနိုင်ကြောင်း သံဖြူဇရပ်မြို့မှ ဆားလုပ်ငန်းရှိတစ်ဦးက သုံးသပ်ပြောကြားသည်။ “ဆားကြမ်းဈေးနှုန်းတွေ တက်တယ်ဆိုပေမယ့် ရာသီဥတုကြောင့် ဆားကွင်းတွေပျက်တာ နှစ်နှစ်ဆက်ဖြစ်သွားပြီ။ ဆားကအထွက်နှုန်းနည်းသွားသလို၊ ကုန်ကျစရိတ်တွေက ပိုကြီးသွားတော့ လက်ရှိဆားကြမ်းဈေးနှုန်းက နည်းနည်းလေး မာတယ်လို့ပဲ ဆိုရမှာပါ။ ဒါပေမယ့်လည်း ဆားအထွက်များလာရင် ဈေးနှုန်းကတော့ ကျသွားမှာပါပဲ။ အခုလည်း ဆားစက်တွေက ဈေးနှိမ်ဝယ်တာကိုလည်း ခံရပါတယ်”

ဟု အဆိုပါ ဆားလုပ်ငန်းရှင်ကပြောကြားသည်။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာတွင် ဆားကွင်းဧကပေါင်း (၂၉၀၀) ခန့်ရှိပြီး၊ ရာသီဥတုမဖျက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း (၃၀၀) ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပင‌ကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့်ဝဲကလောင်းကျေးရွာတို့တွင်လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့အပြင် ရေးမြို့နယ်နှင့်ပေါင်မြို့နယ်များအတွင်းလည်း နေလှမ်းဆားလုပ်ငန်းများရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/238924

## STOCK EXCHANGE (17.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +0 | +0.00% | 9,400 | 9,400 | 9,400 | 85 | 799,000 | 33,109,694 | 311,231 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,450 | 7,003 | 24,500,350 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,800 | 7,800 | 7,800 | 55 | 429,000 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 1 | 21,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,750 | 2,750 | 2,700 | 145 | 391,550 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,000 | 5,100 | 5,000 | 106 | 540,500 | 10,497,598 | 53,538 |

### Market summary

As of 17th Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.47 | -0.57 | -0.14% | 417.04 | 417.04 | 415.35 | 7,395 | 26,681,900 | 7 | 724,501 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 17th Oct. 2022

| MYANPIX | 416.47 ▼ 0.57 |
|---|---|
| Total Volume (shares) | 7,395 |
| Total Value (MMK) | 27 mil |
| Listed Company | 7 |
| Market Cap. (MMK) | 724,501 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 0 |
| MTSH | 00002 | 3,500 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 50 |
| AMATA | 00007 | 5,100 | ▲ 100 |